**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁၆ /၂၀၂၃**
**၁၃၈၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်**
**(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိကပညာရေး ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့် သက်ဆိုင်ခြင်း**

၁။ ဤညွှန်ကြားချက်ကို ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း မှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်သည် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများအားလုံးနှင့် သက်ဆိုင် စေရမည်။

**ကျောင်းအမျိုးအစားများ**

၃။ ကျောင်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) ကိုယ်ပိုင်ဘွဲ့များ အပ်နှင်းပါက တက္ကသိုလ်။

(ခ) နိုင်ငံခြားတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းဖြင့် နိုင်ငံခြားတက္ကသိုလ်က တိုက်ရိုက် သင်ကြားစီမံအုပ်ချုပ်ပြီး ဘွဲ့များ အပ်နှင်းပါက နိုင်ငံခြားတက္ကသိုလ် Branch။

(ဂ) မိမိသင်ရိုးညွှန်းတမ်းဖြင့် ဘွဲ့သင်တန်းများ (Programmes) ကို နိုင်ငံခြား တက္ကသိုလ်က စိစစ်အသိအမှတ်ပြုပြီး အဆိုပါတက္ကသိုလ်နှင့် ပူးတွဲ၍ Joint Degree များ အပ်နှင်းပါက တက္ကသိုလ်။

(ဃ) ကိုယ်ပိုင်ဒီပလိုမာ အပ်နှင်းပါက သို့မဟုတ် နိုင်ငံခြားသင်ရိုးညွှန်းတမ်းဖြင့် မိမိကျောင်းတွင် သင်ကြားပြီး နိုင်ငံခြားဘွဲ့/ဒီပလိုမာ အပ်နှင်းပါက ကောလိပ်။

(င) လက်မှတ် (Certificate) အပ်နှင်းပါက စင်တာ (Centre)။

မှတ်ချက်။ (၁) သတ်မှတ်ထားသော တက္ကသိုလ်အင်္ဂါရပ်များနှင့် ပြည့်စုံမှသာလျှင် တက္ကသိုလ်/ကောလိပ်အဖြစ် မှတ်ပုံတင် ခွင့်ပြုမည်။

(၂) အပိုဒ် ၃ (ခ)မှအပ နိုင်ငံခြားတက္ကသိုလ်တစ်ခု၏ အမည်ကို သုံးစွဲခြင်း မပြုရ။

(၃) တက္ကသိုလ်/ ကောလိပ်/ စင်တာ၏ အမည်တွင် အမျိုးသား (National) ဟူသော စကားလုံးကို ထည့်သွင်းသုံးစွဲခြင်း မပြုရ။

(၄) နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသော ကျောင်းများသည် သက်ဆိုင်ရာ နိုင်ငံခြားတက္ကသိုလ်၏ Vice President/ Vice Chancellor ထောက်ခံချက်ကို တင်ပြရမည်။

**ကျောင်းစာသင်ခန်း အကျယ်အဝန်းနှင့်ပတ်သက်သော သတ်မှတ်ချက်များ**

၄။ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ စာသင်ခန်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကျောင်းသားတစ်ဦးအတွက် စာသင်ခန်းကြမ်းပြင် ဧရိယာသည် အနည်းဆုံး ၁၈ စတုရန်းပေ ရှိခြင်း။

(ခ) စာသင်ခန်း၏ အနံသည် အနည်းဆုံး ၂၀ ပေ ရှိခြင်း။

(ဂ) စာသင်ခန်းတစ်ခုတွင် ကျောင်းသား ၄၀ ဦးထက် မပိုခြင်း။

**တက္ကသိုလ်/ကောလိပ် သင်ကြားရေးဌာနများနှင့် ဆရာ/ဝန်ထမ်းခန့်ထားမှုနှင့် ပတ်သက်သော သတ်မှတ်ချက်များ**

၅။ တက္ကသိုလ်များသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) မဟာဌာန (Faculty) အနည်းဆုံး ၂ ခုနှင့် သင်ကြားရေးဌာန (Department) အနည်းဆုံး ၄ ခု ရှိရမည်။ အထူးပြုဘာသာရပ် ၃ ခု၊ အနည်းဆုံး ဘွဲ့အစီအစဉ် ၃ ခု ရှိရမည်။

(ခ) သင်ကြားရေးဌာနတစ်ခုလျှင် အနည်းဆုံး ပါမောက္ခ ၁ ဦး၊ တွဲဖက်ပါမောက္ခ ၁ ဦး၊ ကထိက ၂ ဦး ရှိရမည်။

(ဂ) သင်ကြားရေးဌာနတစ်ခုတွင် အချိန်ပြည့် ဆရာ ဆရာမ အနည်းဆုံး ၄ ဦး ရှိရမည်။ ပါမောက္ခဖြစ်ပါက ပါရဂူဘွဲ့ ရရှိရမည်ဖြစ်ပြီး ကျန်ဆရာ ဆရာမ များမှာ အနည်းဆုံး မဟာဘွဲ့ရရှိရမည်။

(ဃ) ဆရာ-ကျောင်းသားအချိုးမှာ ဘွဲ့ကြိုသင်တန်းများအတွက် အနည်းဆုံး ၁း၃၀ နှင့် သိပ္ပံလက်တွေ့ခန်းများအတွက် အနည်းဆုံး ၁း၂၀ ရှိရမည်။

(င) မြန်မာနိုင်ငံသား ဆရာ ဆရာမဦးရေသည် စုစုပေါင်း ဆရာ ဆရာမဦးရေ၏ အနည်းဆုံး ၅၀% ရှိရမည်။ (နိုင်ငံခြားတက္ကသိုလ် Branch မှလွဲ၍)

(စ) မြန်မာနိုင်ငံသားဝန်ထမ်းဦးရေသည် စုစုပေါင်းဝန်ထမ်းဦးရေ၏ အနည်းဆုံး ၆၀% ရှိရမည်။ နိုင်ငံခြားတက္ကသိုလ် Branch ဖြစ်လျှင် အနည်းဆုံး ၂၀% ရှိရမည်။

၆။ ကောလိပ်များသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) သင်ကြားရေးဌာန (Department) အနည်းဆုံး ၃ ခု ရှိရမည်။ အနည်းဆုံး ဒီပလိုမာအစီအစဉ် ၃ ခု သို့မဟုတ် နိုင်ငံခြားတက္ကသိုလ် ဘွဲ့အစီအစဉ် ၂ ခု ရှိရမည်။

(ခ) သင်ကြားရေးဌာနတစ်ခုလျှင် အနည်းဆုံး ပါမောက္ခ ၁ ဦး၊ တွဲဖက်ပါမောက္ခ ၁ ဦး၊ ကထိက ၂ ဦး ရှိရမည်။

(ဂ) သင်ကြားရေးဌာနတစ်ခုတွင် အချိန်ပြည့် ဆရာ ဆရာမ အနည်းဆုံး ၄ ဦး ရှိရမည်။ ပါမောက္ခဖြစ်ပါက ပါရဂူဘွဲ့ ရရှိရမည်ဖြစ်ပြီး ကျန်ဆရာ ဆရာမ များမှာ အနည်းဆုံး မဟာဘွဲ့ရရှိရမည်။

(ဃ) ဆရာ-ကျောင်းသားအချိုးမှာ ဘွဲ့ကြိုသင်တန်းများအတွက် အနည်းဆုံး ၁း၃၀ နှင့် သိပ္ပံလက်တွေ့ခန်းများအတွက် အနည်းဆုံး ၁း၂၀ ရှိရမည်။

(င) မြန်မာနိုင်ငံသား ဆရာ ဆရာမဦးရေသည် စုစုပေါင်း ဆရာ ဆရာမဦးရေ၏ အနည်းဆုံး ၅၀% ရှိရမည်။

(စ) မြန်မာနိုင်ငံသားဝန်ထမ်းဦးရေသည် စုစုပေါင်းဝန်ထမ်းဦးရေ၏ အနည်းဆုံး ၆၀% ရှိရမည်။

**မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

၇။ တည်ဆဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အမျိုးသားပညာရေးဥပဒေ၊ ပုဂ္ဂလိက ပညာရေးဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့် ညီညွတ်ပါက ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း တည်ထောင်လိုသူသည် ဥပဒေနှင့်အညီ အောက်ပါအတိုင်း မှတ်ပုံတင်၍ တည်ထောင်ရမည်-

(က) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ မှတ်ပုံတင်လျှောက်လွှာပုံစံကို သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံမှ ထုတ်ယူရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းသည် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(၁) မြန်မာနိုင်ငံသားအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

(၂) နိုင်ငံခြားသားအတွက် နိုင်ငံကူးလက်မှတ်မိတ္တူ။

(၃) ရင်းနှီးမြှုပ်နှံမှုပုံစံ (နိုင်ငံသား/ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်/ နိုင်ငံခြားသား)။

(၄) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် သို့မဟုတ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ ထုတ်ပြန်သည့် ရက်စွဲနှင့် အထောက်အထားမိတ္တူ။

(၅) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် တင်သွင်းခဲ့သော Investment Bank Account နှင့် ရင်းနှီးမြှုပ်နှံမှု ငွေပမာဏ။

(၆) လက်ရှိမိမိကျောင်းအမည်နှင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းရှိ လက်ကျန်ငွေပမာဏ။

(၇) ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကြွေးကျန် ကင်းရှင်းကြောင်း ထောက်ခံစာ။

(ဂ) ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း များ မဟုတ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ပုဂ္ဂလိကအဆင့်မြင့်ပညာ ကျောင်း တည်ထောင်ရန် ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) အပိုဒ် ၇ (က)အရ ထုတ်ယူထားသည့် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း မှတ်ပုံတင် လျှောက်လွှာပုံစံကို ပူးတွဲတင်ပြရန် သတ်မှတ်ထားသော စာရွက်စာတမ်းများ ပူးတွဲလျက် သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေး အဖွဲ့သို့ တင်သွင်းရမည်။

(င) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်မေးမြန်းရန် သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က ခေါ်ယူလျှင် ချိန်းဆိုသောနေ့ရက်နှင့် အချိန်အတိုင်း လာရောက်တွေ့ဆုံရမည်။

**မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်အချက်များ**

၈။ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း တည်ထောင်လိုသူသည် မှတ်ပုံတင် လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) ဖွင့်လှစ်မည့် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းအမည်နှင့် တည်နေရာ။

(ခ) ဖွင့်လှစ်မည့် ကျောင်းအမျိုးအစား (တက္ကသိုလ်၊ ကောလိပ်၊ စင်တာ)။

(ဂ) အမြင့်ဆုံး သင်ကြားပေးမည့် အတန်းအဆင့် (ဥပမာ-ပါရဂူတန်း၊ မဟာတန်း၊ ဘွဲ့ကြိုတန်း၊ ဒီပလိုမာတန်းစသည်)။

(ဃ) မိမိတက္ကသိုလ်က ကိုယ်ပိုင်အမြင့်ဆုံးပေးအပ်မည့်ဘွဲ့ (ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ရိုးရိုးဘွဲ့)၊ ဒီပလိုမာ (ဘွဲ့လွန်/ ဘွဲ့ကြို)၊ လက်မှတ်။

(င) ပူးပေါင်းမည့် တက္ကသိုလ်/ ကောလိပ်အမည်၊ အမျိုးအစား (Public/ Private)၊ တည်ရှိသည့်နိုင်ငံနှင့် ပူးပေါင်းပေးအပ်မည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်အဆင့် (ဥပမာ-ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ရိုးရိုးဘွဲ့၊ ဒီပလိုမာ)။

(စ) သတ်မှတ်အတန်းပြီးဆုံးပါက ဆက်လက်ပညာသင်ကြားနိုင်မည့် အခွင့်အလမ်း (Pathway)နှင့် အထောက်အထားများ။

(ဆ) ပူးပေါင်းမည့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်/အဖွဲ့အစည်းနှင့် လက်မှတ်ရေးထိုးထားသော နားလည်မှု စာချွန်လွှာ(MoU) သို့မဟုတ် သဘောတူစာချုပ် (MoA) မိတ္တူ သို့မဟုတ်  Terms of Regerance (ToR) သို့မဟုတ် Letter of Aggrement (LoA) သို့မဟုတ် အလားတူအထောက်အထားများ။

(ဇ) ကျောင်း၏တံဆိပ်နှင့် အမှတ်အသား (Logo & Seal)။

(ဈ) ကျောင်း၏မျှော်မှန်းချက် (Vision)၊ လုပ်ငန်းတာဝန်များ (Mission)နှင့် ရည်မှန်းချက်များ (Objectives)။

(ည) ကျောင်းဖွဲ့စည်းပုံဇယား (Organizational Structure/ Organization Chart)။

(ဋ) ပညာသင်နှစ်နှင့် ပညာသင်ကာလသတ်မှတ်ချက် (Academic Calendar)။

(ဌ) တက္ကသိုလ်ဖြစ်ပါက တက္ကသိုလ်ပဋိညာဉ်စာတမ်း။

(ဍ) မိမိတက္ကသိုလ်က ကိုယ်ပိုင်ပေးအပ်မည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ် အမည်များ၊ နမူနာပုံစံများနှင့် ဘွဲ့ဝတ်စုံနမူနာဓာတ်ပုံ။

(ဎ) ပူးပေါင်းဆောင်ရွက်မည့် တက္ကသိုလ်၊ ကောလိပ်၏ အမည်၊ အမျိုးအစား၊ တည်ရှိသည့် နိုင်ငံနှင့် ပူးပေါင်းပေးအပ်မည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ် အမည်များ [ဥပမာ- BA (History)]၊ နမူနာပုံစံများနှင့် ဘွဲ့ဝတ်စုံနမူနာ ဓာတ်ပုံ။

(ဏ) ကျောင်းဝတ်စုံ ရှိပါက ဝတ်စုံပုံစံဓာတ်ပုံနှင့် ကျောင်းဝတ်စုံ ဝတ်ဆင်ရမည့် ရက်သတ်မှတ်ချက်။

(တ) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာအမျိုးအစား ဖော်ပြချက်၊ သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာအပြည့်အစုံ။

(ထ) အသုံးပြုသောသင်ရိုးညွှန်းတမ်းကို ပိုင်ဆိုင်သည့် နိုင်ငံခြားတိုင်းပြည်အမည်နှင့် အဖွဲ့အစည်းအမည်။

(ဒ) ပုဂ္ဂလိကပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေး အဖွဲ့၏ ညွှန်ကြားချက်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ စံချိန် စံညွှန်းများ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြု ဝန်ခံချက်။

(ဓ) လက်ခံရရှိသော ကျောင်းဝင်ကြေး၊ ကျောင်းလခနှုန်းထားနှင့် ပေးသွင်းရမည့် ပုံစံ ဖော်ပြချက်။

(န) အရည်အသွေးအကဲဖြတ်စနစ် (Assessment System)။

(ပ) အတန်းကူး၊ အတန်းပြောင်း၊ တန်းညှိစနစ်။

(ဖ) ကျောင်းပြောင်းသင်ယူမှုအစီအစဉ် (Credit Transfer System)။

(ဗ) တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူတို့၏ ကိုယ်ရေးအချက်အလက်များနှင့် ပညာအရည်အချင်းဆိုင်ရာ အထောက်အထားများ။

**မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် ကျောင်းအဆောက်အအုံနှင့် ပတ်သက်သော အချက်အလက်များ**

၉။ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း တည်ထောင်လိုသူသည် ပုဂ္ဂလိက အဆင့်မြင့်ပညာ ကျောင်း မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ကျောင်းအဆောက်အအုံနှင့် ပတ်သက်သော အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) ကျောင်းအဆောက်အအုံ၊ ကျောင်းပရိဝုဏ်၏အနေအထား (ဓာတ်ပုံများဖြင့်) ။

(ခ) ပိုင်ဆိုင်မှု (ကိုယ်ပိုင်/ ငှားရမ်းမှု) အထောက်အထား၊ ကျောင်းအဆောက်အအုံအဖြစ် အသုံးပြုခွင့်ရှိသော အထောက်အထားများ၊ စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်။

(ဂ) ကျောင်းပရိဝုဏ်၊ အဆောက်အအုံ၊ စာသင်ခန်း၊ လက်တွေ့ခန်း၊ စာကြည့်တိုက်၊ အားကစားခန်းမနှင့် စားသောက်ခန်းစသည်တို့၏ အကျယ်အဝန်း (ပေဖြင့်)။

(ဃ) ဥပဓိရုပ်ကောင်းမွန်မှု၊ သန့်ရှင်းသာယာ စိမ်းလန်းစိုပြေမှု၊ ကျောင်းဝန်း၊ ပတ်ဝန်းကျင်၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စာကြည့်တိုက်၊ စားသောက်ခန်းများ၊ အားကစားခန်းမတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်ထားရှိသည့် အစီအမံများ။

(င) အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်၊ ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးအစီအစဉ်များ၊ မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်။

(စ) ကျောင်းသား၊ ကျောင်းသူများအတွက် အဆောင်များ ထားရှိပါက ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားကြောင်း အထောက်အထားများ။

(ဆ) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း တည်ထောင်ဖွင့်လှစ်မည့် ကျောင်းပရိဝုဏ်၏ ရှေ့၊ နောက်၊ ဝဲ၊ ယာတွင် ကပ်ရက်နေထိုင်သူ အနည်းဆုံး နှစ်အိမ်စီက သဘောတူလက်မှတ်ရေးထိုးထားသည့် အထောက်အထားများနှင့် ယင်းအထောက်အထား မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

**မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် ကျောင်းဆရာများနှင့် ပတ်သက်သော အချက်အလက်များ**

၁၀။ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း တည်ထောင်လိုသူသည် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း မှတ်ပုံတင်လျှောက်လွှာနှင့်အတူ ကျောင်းဆရာများနှင့်ပတ်သက်သော အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံသား ပုဂ္ဂလိကဆရာ၊ ဆရာမဦးရေနှင့် လစာနှုန်းထားဇယား။

(ခ) နိုင်ငံခြားသား ပုဂ္ဂလိကဆရာ၊ ဆရာမဦးရေနှင့် လစာနှုန်းထားဇယား။

(ဂ) စီမံခန့်ခွဲရေးဝန်ထမ်းဦးရေနှင့် လစာနှုန်းထားဇယား။

(ဃ) ဆရာ၊ ဆရာမနှင့် စီမံခန့်ခွဲရေးဝန်ထမ်း ဦးရေ (ဖွဲ့စည်းပုံ၊ ခန့်ထားပြီး၊ လစ်လပ်)။

(င) လက်ခံသင်ကြားပေးမည့် ကျောင်းသားဦးရေ (အတန်းအလိုက်နှင့် စုစုပေါင်း)။

(စ) ဆရာ၊ ဆရာမဦးရေနှင့် ကျောင်းသားဦးရေ အချိုး။

(ဆ) ပုဂ္ဂလိကဆရာ၊ ဆရာမများ၏ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်သော အထောက်အထား၊ (မြန်မာနိုင်ငံသားအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် မိတ္တူ)။

(ဇ) ပုဂ္ဂလိက ဆရာ၊ ဆရာမများ၏ ဘွဲ့လက်မှတ်၊ ပညာအရည်အချင်း အထောက်အထားများနှင့် သင်ကြားမည့် ဘာသာရပ်။

(ဈ) ဆရာ၊ ဆရာမများ၏ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူ ဦးရေ။

(ည) ဆရာ၊ ဆရာမများ၏ ဘာသာရပ်အလိုက် သင်ကြားရေး အတွေ့အကြုံများနှင့် ကိုယ်ရေးအကျဉ်း။

**ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ လိုက်နာဆောင်ရွက်ရမည့် အချက်များ**

၁၁။ အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ရမည်-

(က) ပုဂ္ဂလိကပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုချက် တင်ပြရမည်။

(ဂ) အတန်းစဉ်အလိုက် လစဉ် ကျောင်းသားဦးရေ အတိုး၊ အလျော့စာရင်းနှင့် ကျောင်းသားအမည်စာရင်းတို့ကို ပြုစုထားရှိရမည်။

(ဃ) ကျောင်းလခ၊ ကျောင်းရန်ပုံငွေနှင့် ကျောင်းလုပ်ငန်းအလိုက် ကောက်ခံသုံးစွဲမှုဆိုင်ရာ ရငွေ၊ သုံးငွေစာရင်းများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုစုထားရှိရမည်။

(င) ပညာသင်နှစ် စတင်ချိန်တွင် အတန်းစဉ်အလိုက် ကျောင်းသားဦးရေနှင့် အမည်စာရင်းကို သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံ ပြုစုပေးပို့ပြီးနောက် ဆက်လက်၍ သုံးလတစ်ကြိမ် ပြုစုပေးပို့ရမည်။

(စ) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း တည်ထောင်လိုသူသည် မိမိကျောင်းရှိ ပုဂ္ဂလိကကျောင်းဆရာ အင်အားတိုးခြင်း၊ လျှော့ခြင်းအတွက် သတ်မှတ်ပုံစံတွင် ဖြည့်စွက်ပြုစု၍ သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံ ရက်ပေါင်း ၁၄ ရက်အတွင်း တင်ပြရမည်။

(ဆ) မှတ်ပုံတင်ခွင့်ပြုသည့် အကြောင်းကြားစာရသည့်နေ့မှစ၍ ရက်ပေါင်း ၁၄ ရက်အတွင်း ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးကို သတ်မှတ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းပြီး သတ်မှတ်ပုံစံများတွင် အချက်အလက်များ ဖြည့်သွင်း၍ ငွေသွင်းချလန် နှစ်စောင်နှင့်အတူ သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံ တင်ပြ၍ မှတ်ပုံတင်လက်မှတ် ရယူရမည်။

(ဇ) ပေးသွင်းရမည့် နှစ်စဉ်ကြေးကို သက်ဆိုင်ရာ ဘဏ္ဍာနှစ်၏ ပထမဆုံးလ မကုန်မီ ပေးသွင်းရမည်။

(ဈ) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းကို မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီး ဆက်လက်ဖွင့်လှစ်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်း၍ သက်တမ်း တိုးမြှင့်ရမည်။

(ည) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းတွင် သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာများ၏ အမည်စာရင်းကို ပြုစုပြီး မှတ်ပုံတင်လက်မှတ် ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံ ပေးပို့ရမည်။

(ဋ) ကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် သိပ္ပံပစ္စည်းနှင့် ဓာတ်ဆေးများ၊ မီဒီယာ အခန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို လုံလောက်စွာ ထားရှိပြီး ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်းကို မှတ်ပုံတင်လက်မှတ် ရရှိသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရမည်။

၁၂။ ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အထွေထွေ**

၁၃။ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း၏ မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးသည် အောက်ပါအတိုင်းဖြစ်သည်-

(က) တက္ကသိုလ်ဖြစ်လျှင် မှတ်ပုံတင်ကြေး ကျပ် ၁၀၀ သိန်းနှင့် နှစ်စဉ်ကြေး ကျပ် ၁၂၀ သိန်း။

(ခ) ကောလိပ်ဖြစ်လျှင် မှတ်ပုံတင်ကြေး ကျပ် ၈၀ သိန်းနှင့် နှစ်စဉ်ကြေး ကျပ် ၉၀ သိန်း။

(ဂ) စင်တာဖြစ်လျှင် မှတ်ပုံတင်ကြေး ကျပ် ၂၀ သိန်းနှင့် နှစ်စဉ်ကြေး ကျပ် ၂၅ သိန်း။

၁၄။ ကျောင်းခွဲ ဖွင့်လှစ်ထားပါက တည်နေရာ မတူညီသော ကျောင်းခွဲတစ်ခုချင်းစီအတွက် သီးခြားမှတ်ပုံတင် လျှောက်ထားရမည်။

၁၅။ ဤအမိန့်ကြော်ငြာစာ မထုတ်ပြန်မီ တည်ထောင်ထားသော ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်။ သတ်မှတ်ချက်များနှင့် မကိုက်ညီပါက ယာယီ ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကိုသာ ထုတ်ပေးမည်ဖြစ်ပြီး ထုတ်ပေးသည့်နေ့မှစ၍ နှစ်နှစ်အတွင်း သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်။ နှစ်နှစ်အတွင်း သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ပြီးပါက ပုဂ္ဂလိကကျောင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး မကိုက်ညီပါက ယာယီ ပုဂ္ဂလိကကျောင်းမှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းမည်။

၁၆။ အသစ်တည်ထောင်မည့် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများကို သတ်မှတ်ချက်နှင့် ကိုက်ညီမှသာ တည်ထောင်ခွင့် ပြုမည်။

၁၇။ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်း တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူများသည် ပညာရေးဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ပုဂ္ဂလိက ပညာရေးနှင့်စပ်လျဉ်းသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

ဒေါက်တာညွန့်ဖေ

ဥက္ကဋ္ဌ

(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)

စာအမှတ်၊ ကပက(ညွှန်ကြားချက်)/ ၂၀၂၃ ( ၀၁၇ )

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

**ဖြန့်ဝေခြင်း**

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ

ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ

အမိန့်အရ

၇/၁၁/၂၃

ဒေါက်တာစိုးဝင်း

အတွင်းရေးမှူး

(အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန)

နောက်ဆက်တွဲ

## တက္ကသိုလ် အင်္ဂါရပ်များ

၁။ တက္ကသိုလ်မုခ်ဦးနှင့် အမည်ဆိုင်းဘုတ်
၂။ ဘက်စုံသုံး ခန်းမ
၃။ စာကြည့်တိုက်
၄။ ဘာသာရပ်ဌာနများ
၅။ စာသင်ဆောင်
၆။ စာသင်ခန်း
၇။ စီမံခန့်ခွဲမှုရုံး
၈။ အပန်းဖြေရိပ်သာ
၉။ အားကစားကွင်း
၁၀။ ရေ၊ ရေသန့်စက်၊ မီး၊ Transformer
၁၁။ Library Facilities
၁၂။ Sport Facilities
၁၃။ IT Facilities
၁၄။ အင်တာနက်၊ Wifi
၁၅။ Campus Security
၁၆။ လမ်းညွှန်မြေပုံ
၁၇။ ယာဉ်ရပ်နားရန်နေရာ
၁၈။ Cafeteria/ Canteen
၁၉။ ဥပမိရုပ် ကောင်းမွန်မှု
၂၀။ ဘွဲ့နှင်းသဘင်ခန်းမ
၂၁။ Conference Hall
၂၂။ Research Center
၂၃။ ဌာနစာကြည့်တိုက်
၂၄။ Practical Lab
၂၅။ Theatre/ Auditorium
၂၆။ Multimedia Classroom

၂၇။ ပြတိုက်

၂၈။ အားကစားရုံ

၂၉။ ကျောင်းသားကျောင်းသူ အိပ်ဆောင်

၃၀။ ဆရာ ဆရာမအဆောင်

၃၁။ ဝန်ထမ်းအိမ်ရာ

၃၂။ ဧည့်ဂေဟာ

၃၃။ International Student Centre

၃၄။ အမိုးပါ နားနေထိုင်ခုံများ

၃၅။ အမိုးပါ စင်္ကြံ လျှောက်လမ်း

၃၆။ လူသွားစင်္ကြံ

၃၇။ ပန်းခြံ/ Landscaping

၃၈။ တက္ကသိုလ် ကားပတ်လမ်း

၃၉။ Wheel Chair လမ်း

၄၀။ တက္ကသိုလ် ဆေးခန်း

၄၁။ Banking Facilities & ATM

၄၂။ Campus Transportation

၄၃။ Campus AI Services

၄၄။ ရေကူးကန်

၄၅။ ခြတ်လှေကား

အမှတ်စဉ် (၁) မှ (၁၉) အထိသည် တက္ကသိုလ်တစ်ခုအတွက် အနိမ့်ဆုံး လိုအပ်ချက်ဖြစ်သည်။